# ပြည်သူများအတွက် ရွေးကောက်ပွဲ၏အနှစ်သာရများ

ကျော်ကျော်သန်း(မဟာဝိဇ္ဇာ)

**ဒီမိုကရေစီစနစ်နှင့်ရွေးကောက်ပွဲ**

နိုင်ငံတော်သည် ပြည်သူများ၏ဆန္ဒနှင့်အညီ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ်သို့ရောက်ရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ **ဒီမိုကရေစီစနစ်၏အဓိကသွင်ပြင်လက္ခဏာရပ်တစ်ခုမှာ လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲကျင်းပခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က မိမိပြည်သူများအတွက် လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲကို ကျင်းပပေးခြင်းဖြစ်သည်။ နိုင်ငံတော်မှကျင်းပပေးမည့် ရွေးကောက်ပွဲများတွင် လေးနက်လှသော အနှစ်သာရများရှိနေသည်။ ယင်းအနှစ်သာရများကိုသိရှိထားခြင်းဖြင့် အသိနှင့်သတိများဖြစ်ပေါ်လာသည်။ ယင်းသို့ဖြစ်ပေါ်လာသောအသိနှင့်သတိများကြောင့် ရွေးကောက်ပွဲတွင် အမှားကိုရှောင်၍ အမှန်ကိုဆောင်နိုင်သည်။ ဆိုလိုသည်မှာ ယင်းအသိနှင့်သတိများကြောင့် နိုင်ငံအတွက်မသင့်လျော်သောပြည်သူ့ကိုယ်စားလှယ်များကိုမရွေးချယ်ဘဲ နိုင်ငံအတွက် သင့်လျော်သောပြည်သူ့ကိုယ်စားလှယ်ကောင်းများကိုသာ ရွေးချယ်ကြရမည်ဖြစ်သည်။ မကြာမီကျင်းပတော့မည့် ရွေးကောက်ပွဲများ၏ လေးနက်လှသောအနှစ်သာရများကို အောက်ဖော်ပြပါခေါင်းစဉ်များဖြင့် ဖော်ပြလိုပါသည်။**

**နိုင်ငံ၏အာဏာ ပြည်သူ့ထံတွင်ရှိကြောင်းပြသည့်ပွဲ**

ရွေးကောက်ပွဲတွင်ပြည်သူ့ကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ကြသောပုဂ္ဂိုလ်များသည် မဲဆန္ဒရှင်ပြည်သူများကရွေးကောက်တင်မြှောက်ပေးမှသာ ပြည်သူ့ကိုယ်စားလှယ်များအဖြစ် ရပ်တည်နိုင်ခွင့်ရှိသည်။ မဲဆန္ဒရှင်ပြည်သူများက ရွေးကောက်တင်မြှောက်ပေးခြင်းမပြုပါက ပြည်သူ့ကိုယ်စားလှယ်အဖြစ်ရောက်ရှိနိုင်မည်မဟုတ်ချေ။ ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ပိုင်ခွင့်ရှိကြသူများမှာ မဲဆန္ဒရှင်ပြည်သူများသာဖြစ်ကြသည်။ မဲဆန္ဒရှင်ပြည်သူများရွေးကောက်တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်များစုဖွဲ့လိုက်သည့်အခါ နိုင်ငံ၏ဂုဏ်အင်္ဂါရပ်တစ်ခုဖြစ်သည့် ရွေးကောက်ခံအစိုးရတစ်ရပ်ဖြစ်ပေါ်လာသည်။ ဤသို့ရွေးကောက်ခံအစိုးရတစ်ရပ်စုဖွဲ့နိုင်သည်မှာ ပြည်သူများပေးသည့်မဲဆန္ဒများကြောင့်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်မှ ကျင်းပပေးမည့်ရွေးကောက်ပွဲသည် နိုင်ငံ၏အာဏာကိုပိုင်ဆိုင်ထားသူများမှာ မဲဆန္ဒရှင်ပြည်သူများသာဖြစ်ကြောင်းပြသသည့်ပွဲဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရသော် နိုင်ငံတော်၏အာဏာသည် ပြည်သူများထံမှစတင်ဆင်းသက်လာခြင်းဖြစ်ကြောင်း ပြသသည့်ပွဲဖြစ်သည်။

**ပြည်သူ့ဆန္ဒကိုဖြည့်ဆည်းဆောင်ရွက်ပေးသည့်ပွဲ**

ပြည်သူများသည် မိမိတို့ကြိုက်နှစ်သက်သည့်ပုဂ္ဂိုလ်ကို မိမိတို့၏ကိုယ်စားလှယ်အဖြစ် မိမိတို့ကိုယ်တိုင်ရွေးချယ်ခန့်ထားလိုသည်။ နိုင်ငံနှင့်မိမိတို့ဘဝကို ဦးဆောင်ဦးရွက်ပြုမည့်အစိုးရအဖွဲ့ကို မိမိစိတ်ကြိုက်လွတ်လပ်စွာ ရွေးချယ်လိုသည့်ဆန္ဒရှိသည်။ ယခုအခါ နိုင်ငံတော်က လွတ်လပ်ပြီး တရားမျှတမှုရှိသော ရွေးကောက်ပွဲကိုကျင်းပပေးသည်။ ရွေးကောက်ပွဲတွင်ပြည်သူများအား မိမိတို့စိတ်ကြိုက်ပုဂ္ဂိုလ်များကို လွတ်လပ်စွာရွေးချယ်ပြီး ပြည်သူ့ကိုယ်စားလှယ်အဖြစ် တင်မြှောက်ခွင့်ပြုသည်။ နိုင်ငံနှင့် မိမိတို့၏ဘဝကိုဦးဆောင်ဦးရွက်ပြုမည့်အစိုးရအဖွဲ့ကိုလည်း စိတ်ကြိုက်ရွေးချယ်ခွင့်ပြုသည်။ ထို့ကြောင့် နိုင်ငံတော်ကကျင်းပပေးမည့်ရွေးကောက်ပွဲသည် ပြည်သူများ၏ဆန္ဒကို လေးစားတန်ဖိုးထားကြောင်း ပြသသည့်ပွဲ၊ ပြည်သူတို့၏ဆန္ဒကို ဖြည့်ဆည်းဆောင်ရွက်ပေးသည့်ပွဲဖြစ်သည်။

**ပြည်သူ့ကိုယ်စားလှယ်ရာထူးနှင့်တာဝန်ပေးအပ်သည့်ပွဲ**

ရွေးကောက်ပွဲတွင် ကျွန်ုပ်တို့အကြိုက်နှစ်သက်ဆုံးသော ပုဂ္ဂိုလ်များကို ပြည်သူ့ကိုယ်စားလှယ်များအဖြစ်ရွေးကောက်တင်မြှောက်ကြသည်။ ပြည်သူ့ကိုယ်စားလှယ်အဖြစ်ရွေးကောက်တင်မြှောက်ခြင်း၏သဘောမှာ ပြည်သူ့ကိုယ်စားလှယ်ဟူသောရာထူးကို ခန့်အပ်ပေးပြီး နိုင်ငံ၏ကောင်းကျိုးဆောင်ရွက်ရန်ဟူသော နိုင်ငံ့တာဝန်ကိုပေးအပ်ခြင်းဖြစ်သည်။ သဘောမှာ ရာထူးနှင့်နိုင်ငံ့တာဝန်ကို တစ်ပြိုင်နက်တည်းပေးအပ်ခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က ကျင်းပပေးမည့် ရွေးကောက်ပွဲသည် နိုင်ငံအတွက် သင့်လျော်သောပုဂ္ဂိုလ်များကို ပြည်သူ့ကိုယ်စားလှယ်ဟူသောရာထူးနှင့် နိုင်ငံ့ကောင်းကျိုးဆောင်ရွက်ရန်ဟူသောတာဝန်ကိုအပ်နှင်းသည့်ပွဲဖြစ်သည်။ ကျွန်ုပ်တို့သတိပြုရမည့်အချက်တစ်ချက်ရှိသည်။ ယင်းအချက်မှာ ကျွန်ုပ်တို့ရွေးကောက်တင်မြှောက်လိုက်သော ပုဂ္ဂိုလ်များသည်ပြည်သူ့ကိုယ်စားလှယ်ဟူသော ရာထူး၊ နိုင်ငံ့ကောင်းကျိုးဆောင်ရွက်ရန်ဟူသော တာဝန်နှင့် အမှန်တကယ်ထိုက်တန်သောသူများဖြစ်နေရမည်ဆိုသည့်အချက်ပင်ဖြစ်သည်။

**ရွေးကောက်ပွဲဆိုသည်မှာ**

**နိုင်ငံ၏အာဏာပြည်သူ့ထံတွင်ရှိကြောင်းပြသည့်ပွဲ၊ ပြည်သူ့ဆန္ဒကို ဖြည့်ဆည်းဆောင်ရွက်ပေးသည့်ပွဲ၊ ပြည်သူ့ကိုယ်စားလှယ်ရာထူးနှင့် တာဝန်ပေးအပ်သည့်ပွဲ၊ နိုင်ငံနှင့်ပြည်သူတို့၏ဘဝကိုအပ်နှင်းသည့်ပွဲ၊ နိုင်ငံ၏အဓိကလိုအပ်ချက်ကိုဖြည့်ဆည်းပေးသည့်ပွဲ၊ နိုင်ငံ၏အဆင့်ကိုမြှင့်တင်ပေးသည့်ပွဲ၊ နိုင်ငံရေးအသိအမြင်အဆင့်ကိုဖော်ပြသည့်ပွဲ စသည့်အသိများကို ကျွန်ုပ်တို့အားပေးလျက်ရှိသည်။**

**နိုင်ငံနှင့်ပြည်သူတို့ဘဝကိုအပ်နှင်းသည့်ပွဲ**

ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်သူပုဂ္ဂိုလ်များထဲမှ ကျွန်ုပ်တို့အကြိုက်နှစ်သက်ဆုံးပုဂ္ဂိုလ်များကို ကျွန်ုပ်တို့မဲဆန္ဒရှင်ပြည်သူများ၏ ပြည်သူ့ကိုယ်စားလှယ်အဖြစ်ခန့်အပ်တာဝန်ပေးကြသည်။ ကျွန်ုပ်တို့ခန့်အပ်တာဝန်ပေးလိုက်သော ပြည်သူ့ကိုယ်စားလှယ်များက နိုင်ငံ့အရေးနှင့် ကျွန်ုပ်တို့ပြည်သူများ၏အရေးကိုစီမံဆောင်ရွက်ကြသည်။ မှန်ကန်စွာစီမံဆောင်ရွက်ပါက နိုင်ငံနှင့်ပြည်သူတို့ဘဝကောင်းကျိုးအဖြာဖြာကိုရရှိခံစားရမည်။ မှားယွင်းစွာစီမံဆောင်ရွက်ပါက နိုင်ငံနှင့်ပြည်သူတို့ဘဝဆိုးကျိုးအဖြာဖြာရရှိခံစားကြရမည်။ ဤသို့ နိုင်ငံနှင့်ပြည်သူတို့၏ဘဝကို ကောင်းအောင် သို့မဟုတ် ဆိုးအောင်စီမံခန့်ခွဲနိုင်ခြင်းမှာ ကျွန်ုပ်တို့မဲဆန္ဒရှင်ပြည်သူများကိုယ်တိုင် ပြည်သူ့ကိုယ်စားလှယ်များအဖြစ် ခန့်အပ်တာဝန်ပေးထားသောကြောင့်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က ကျင်းပပေးမည့် ရွေးကောက်ပွဲသည် နိုင်ငံတော်နှင့်ပြည်သူတို့၏ဘဝကို ရွေးကောက်ခံပြည်သူ့ကိုယ်စားလှယ်များထံအပ်နှင်းသည့်ပွဲဖြစ်သည်။ ကျွန်ုပ်တို့သတိပြုရမည့်အချက်တစ်ချက်ရှိသည်။ ယင်းအချက်မှာ ကျွန်ုပ်တို့ရွေးကောက်တင်မြှောက်လိုက်သော ပုဂ္ဂိုလ်များသည် နိုင်ငံနှင့်ပြည်သူများ၏ဘဝကိုကောင်းအောင်အမှန်တကယ်ဆောင်ရွက်ပေးနိုင်မည့်ပုဂ္ဂိုလ်များဖြစ်နေရမည်ဆိုသည့်အချက်ပင်ဖြစ်သည်။

**နိုင်ငံ၏အဓိကလိုအပ်ချက်ကိုဖြည့်ဆည်းပေးသောပွဲ**

နိုင်ငံတော်မှရွေးကောက်ပွဲပြုလုပ်ပေးခြင်းသည် ကျွန်ုပ်တို့အမိနိုင်ငံအား ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ်သို့ ရောက်ရှိစေရန်ဖြစ်သည်။ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်ချက်တစ်ရပ်မှာ အဆင့်မြင့်ပြည်သူ့ကိုယ်စားလှယ်များအဖြစ် ဖွဲ့စည်းထားသည့် အဆင့်မြင့်အစိုးရတစ်ရပ်တည်ရှိနေရေးဖြစ်သည်။ အဆင့်မြင့်အစိုးရတစ်ရပ်ဖြစ်ပေါ်လာရေးအတွက် အဆင့်မြင့်ပြည်သူ့ကိုယ်စားလှယ်များလိုအပ်သည်။ အဆင့်မြင့်ပြည်သူ့ကိုယ်စားလှယ်များကို စုဆောင်းရရှိနိုင်သည့်နည်းလမ်းမှာ ရွေးကောက်ပွဲနည်းလမ်းပင်ဖြစ်သည်။ ရွေးကောက်ပွဲနည်းလမ်းဖြင့်သာ နိုင်ငံအတွက် အဆင့်မြင့်ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်နိုင်သည်။ ထို့ကြောင့် နိုင်ငံတော်က ကျင်းပပေးမည့် ရွေးကောက်ပွဲသည် နိုင်ငံအတွက် လိုအပ်နေသောလူတော်လူကောင်း အဆင့်မြင့်ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်ပေးသည့်ပွဲဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရပါက နိုင်ငံ၏ အဓိကလိုအပ်ချက်ကို ဖြည့်ဆည်းပေးသောပွဲဖြစ်သည်။ ကျွန်ုပ်တို့သတိပြုရမည့်အချက်တစ်ချက်ရှိသည်။ ယင်းအချက်မှာ ကျွန်ုပ်တို့ရွေးကောက်တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်များသည် နိုင်ငံအတွက်လိုအပ်နေသော လူတော်လူကောင်း အစစ်အမှန်များဖြစ်နေရမည်ဆိုသည့်အချက်ပင်ဖြစ်သည်။

**နိုင်ငံ၏အဆင့်ကိုမြှင့်တင်ပေးသည့်ပွဲ**

နိုင်ငံ၏အဆင့်အတန်းကိုမြင့်မားအောင် မြှင့်တင်ပေးနိုင်သည့်အရာများထဲတွင် ရွေးကောက်ခံအစိုးရတစ်ရပ်ရှိခြင်းဟူသောအချက်သည်လည်း အပါအဝင်ဖြစ်သည်။ နိုင်ငံ၏ကျန်းမာရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ပညာရေးကဏ္ဍစသည့်ကဏ္ဍများ မည်သို့အောင်မြင်နေစေကာမူ ရွေးကောက်ခံအစိုးရတစ်ရပ်မရှိပါက နိုင်ငံ၏အဆင့်အတန်းသည် အမြင့်မားဆုံးသို့ရောက်ရှိပြီဟုမဆိုနိုင်သေးချေ။ ရွေးကောက်ခံအစိုးရတစ်ရပ်ရှိခြင်းဟူသောအချက်နှင့်ပေါင်းစပ်လိုက်မှသာ နိုင်ငံ၏အဆင့်အတန်းသည် အမြင့်မားဆုံးသို့ရောက်ရှိပြီဟုဆိုနိုင်သည်။ ရွေးကောက်ခံအစိုးရတစ်ရပ်အောင်မြင်စွာပေါ်ပေါက်လာနိုင်သည့် တစ်ခုတည်းသောနည်းလမ်းမှာ ရွေးကောက်ပွဲနည်းလမ်းသာလျှင်ဖြစ်သည်။ ရွေးကောက်ပွဲကြောင့်ရွေးကောက်ခံအစိုးရတစ်ရပ်ပေါ်ပေါက်လာသည်။ ရွေးကောက်ခံအစိုးရကြောင့် နိုင်ငံ၏အဆင့်အတန်းမြင့်မားလာသည်။ ထို့ကြောင့် နိုင်ငံတော်ကကျင်းပပေးမည့် ရွေးကောက်ပွဲသည် နိုင်ငံ၏အဆင့်အတန်းကို မြင့်မားအောင် မြှင့်တင်ပေးမည့်ပွဲဖြစ်သည်။ ကျွန်ုပ်တို့သတိပြုရမည့်အချက်တစ်ချက်ရှိသည်။ ယင်းအချက်မှာ ကျွန်ုပ်တို့ရွေးကောက်တင်မြှောက်လိုက်သောပြည်သူ့ကိုယ်စားလှယ်များသည် နိုင်ငံ၏အဆင့်ကိုအမှန်တကယ်မြင့်မားအောင်မြှင့်တင်ပေးနိုင်မည့်ပုဂ္ဂိုလ်များဖြစ်နေရမည်ဆိုသည့်အချက်ပင်ဖြစ်သည်။

**နိုင်ငံရေးအသိအမြင်အဆင့်ကိုဖော်ပြသည့်ပွဲ**

ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့်ပုဂ္ဂိုလ်များထဲမှ နိုင်ငံအတွက် အသင့်လျော်ဆုံးသောပုဂ္ဂိုလ်များကို ပြည်သူ့ကိုယ်စားလှယ်များအဖြစ် ကျွန်ုပ်တို့ကရွေးကောက်တင်မြှောက်ကြသည်။ ဤသို့ရွေးကောက်တင်မြှောက်ရာတွင် မိမိတို့ပါတီ၊ မိမိတို့အဖွဲ့အစည်းအရေးကို ထည့်သွင်းမစဉ်းစားဘဲ နိုင်ငံ၏အရေးကိုသာ အဓိကဦးစားပေးစဉ်းစားဆင်ခြင်ခြင်းသည် နိုင်ငံရေးအသိအမြင်ရင့်ကျက်မှုရှိကြောင်း၊ နိုင်ငံရေးအသိအမြင်မြင့်မားမှုရှိကြောင်း ပြသခြင်းဖြစ်သည်။ အကယ်၍ နိုင်ငံ၏အရေးကို အဓိကမထားဘဲ မိမိတို့ပါတီ၊ မိမိတို့အဖွဲ့အစည်းအရေးကိုသာ ဦးစားပေးစဉ်းစားဆင်ခြင်ပါက နိုင်ငံရေးအသိအမြင်နိမ့်ကျကြောင်းကို ပြသခြင်းဖြစ်သည်။ ရွေးကောက်ပွဲတွင် ကျွန်ုပ်တို့ရွေးကောက်တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်များ၏အမျိုးအစားအဆင့်အတန်းသည် မဲဆန္ဒရှင်ကျွန်ုပ်တို့ပြည်သူများ၏ နိုင်ငံရေးရင့်ကျက်မှု၊ နိုင်ငံရေးအသိအမြင်အဆင့်အတန်းမည်သို့ရှိသည်ကိုပြဆိုနေသည်။ ထို့ကြောင့် နိုင်ငံတော်ကကျင်းပပေးမည့်ရွေးကောက်ပွဲသည် ကျွန်ုပ်တို့မဲဆန္ဒရှင်ပြည်သူများ၏ နိုင်ငံရေးရင့်ကျက်မှု၊ နိုင်ငံရေးအသိအမြင်အဆင့်မည်သို့ရှိသည်ကိုပြဆိုသောပွဲဖြစ်သည်။ ကျွန်ုပ်တို့သတိပြုရမည့် အချက်တစ်ချက်ရှိသည်။ ယင်းအချက်မှာ ကျွန်ုပ်တို့ပြည်သူများ၏ နိုင်ငံရေးရင့်ကျက်မှုနှင့် နိုင်ငံရေးအသိအမြင်မြင့်မားမှုသည် နိုင်ငံနှင့်လူမျိုး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အရေးပါသောအခန်းကဏ္ဍမှပါဝင်နေသည်ဟူသော အချက်ပင်ဖြစ်သည်။

**အရွေးမှန်မှ အမှန်ရ၊ အရွေးမှားက အမှားရ**

လောက၌ အရွေးမှန်မှ အစစ်အမှန်ရမည်။ အရွေးမှားက အစစ်အမှန်ကိုမရဘဲ အမှားကိုသာရမည်ဟု အဆိုရှိသည်။ မကြာမီကျင်းပတော့မည့် ရွေးကောက်ပွဲများတွင် ကျွန်ုပ်တို့အရွေးမှန်ကြရမည်။ ကျွန်ုပ်တို့အရွေးမှန်ပါက နိုင်ငံအတွက် အသင့်လျော်ဆုံးသော ပြည်သူ့ကိုယ်စားလှယ်ကောင်းများကို ရရှိမည်။ ကျွန်ုပ်တို့အရွေးမှားပါက နိုင်ငံအတွက် မသင့်လျော်သောပြည်သူ့ကိုယ်စားလှယ်များကိုရရှိမည်။ ကျွန်ုပ်တို့၏ရွေးချယ်မှုကို မှန်ကန်စေသောနည်းလမ်းရှိသကဲ့သို့ ကျွန်ုပ်တို့၏ရွေးချယ်မှုကို မှားယွင်းစေသောနည်းလမ်းလည်းရှိသည်။ ယင်းနည်းလမ်းများကို အောက်ပါခေါင်းစဉ်များဖြင့် ဖော်ပြလိုသည်။

**သတိပညာဖြင့်ရွေးချယ်သောနည်းလမ်း**

သတိပညာဖြင့်ရွေးချယ်သောနည်းလမ်းကို မဇ္ဈိမပဋိပဒါကျသောနည်းလမ်းဟူ၍လည်းခေါ်ဆိုသည်။ မဇ္ဈိမပဋိပဒါကျသောနည်းလမ်းဆိုသည်မှာ ဤသို့ဖြစ်သည်။

စာမျက်နှာ ၄ သို့ ■

MINISTRY OF HEALTH
(၂၄)ကြိမ်မြောက်
မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ နှင့်
မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ
၂၀၂၅ ခုနှစ် ဒီဇင်ဘာလ (၁၅၊ ၁၆၊ ၁၇) နေပြည်တော်

မြန်မာ့သမဝါယမစတင်ခြင်း ၁၂၁ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်
MCRD
"လူမှုစီးပွားဘဝမြှင့်တင်ဖို့ သမဝါယမကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်စို့"

■ စာမျက်နှာ ၃ မှအဆက်

ပထမပိုင်းအနေဖြင့် မိမိရွေးချယ်တင်မြှောက်မည့်ကိုယ်စားလှယ်၏ မြင်ရသောပြင်ပအသွင်သဏ္ဍာန်အပိုင်းကို သတင်းပြည့်စုံစွာစုဆောင်းရယူသည်။ ဒုတိယပိုင်းအနေဖြင့် မိမိရွေးချယ်တင်မြှောက်မည့်ကိုယ်စားလှယ်၏မမြင်ရသော လျှို့ဝှက်အပိုင်း၊ တစ်နည်းအားဖြင့် အတွင်းအနှစ်သာရပိုင်း မည်သို့ရှိသည်ဆိုသည်ကို သတင်းပြည့်စုံစွာ စုဆောင်းရယူသည်။ တတိယပိုင်းအနေဖြင့် မိမိရွေးချယ်တင်မြှောက်မည့် ကိုယ်စားလှယ်၏ မြင်ရသောအပိုင်းနှင့် မမြင်ရသောအပိုင်းအတွင်းလျှို့ဝှက်အပိုင်း မည်သို့အဆက်အစပ်ရှိနေသည်ကို ထပ်မံစုဆောင်းရယူသည်။ ဤသို့မိမိရွေးချယ်မည့်ကိုယ်စားလှယ်၏ အပိုင်းသုံးပိုင်းစလုံးကို စေ့စပ်သေချာစွာလေ့လာနည်းကို မဇ္ဈိမပဋိပဒါလေ့လာနည်းဖြစ်သည်။ ဤမဇ္ဈိမပဋိပဒါကျသောနည်းလမ်းကိုအသုံးပြုပြီး ရွေးချယ်မှသာ နိုင်ငံအတွက်လိုအပ်နေသောကိုယ်စားလှယ်ကောင်းများကို ကျွန်ုပ်တို့ရရှိကြမည်။

**အဝိဇ္ဇာ၊ တဏှာဖြင့်ရွေးချယ်သောနည်းလမ်း**

အဝိဇ္ဇာ၊ တဏှာဖြင့်ရွေးချယ်သောနည်းလမ်းဆိုသည်မှာ ဤသို့ဖြစ်သည်။ အဝိဇ္ဇာဆိုသည်မှာ မသိနားမလည်မှုဖြစ်သည်။ မသိနားမလည်ဟုဆိုရာ၌ မိမိရွေးချယ်တင်မြှောက်မည့်ပုဂ္ဂိုလ်နှင့်ပတ်သက်၍ မသိနားမလည်မှုအမျိုးမျိုးဖြစ်ပေါ်နေခြင်းဖြစ်သည်။ ဆိုလိုသည်မှာ မိမိရွေးချယ်တင်မြှောက်မည့်ပုဂ္ဂိုလ်၏အကြောင်းကို မှန်ကန်စွာမသိဘဲ လွဲမှားစွာသိမြင်နေခြင်းဖြစ်သည်။ ဤသို့လွဲမှားစွာသိမြင်နေမှုကြောင့် လွဲမှားသောပုဂ္ဂိုလ်ရေးယုံကြည်မှုများ ထပ်ဆင့်ဖြစ်ပေါ်လာသည်။ တဏှာဆိုသည်မှာ စွဲလမ်းတပ်မက်မှုဖြစ်သည်။ မိမိရွေးချယ်မည့်ပုဂ္ဂိုလ်အပေါ် လွဲမှားစွာစွဲလမ်းတပ်မက်နေခြင်းဖြစ်သည်။ အဝိဇ္ဇာဟူသော မသိနားမလည်မှုအမျိုးမျိုးကိုအခြေခံပြီး လွဲမှားစွာစွဲလမ်းတပ်မက်မှုဟူသော တဏှာဖြင့်ရွေးချယ်သောနည်းလမ်းသည် အဝိဇ္ဇာ၊ တဏှာဖြင့် ရွေးချယ်သောနည်းလမ်းဖြစ်သည်။ ဤအဝိဇ္ဇာ၊ တဏှာဖြင့်ရွေးချယ်ပါက နိုင်ငံအတွက်မလိုအပ်သော အဆင့်နိမ့်ပြည်သူ့ကိုယ်စားလှယ်များကိုသာ ကျွန်ုပ်တို့ရရှိကြမည်။

**ရွေးကောက်ပွဲကပေးသောအသိနှင့်သတိ**

ကျွန်ုပ်တို့အမိနိုင်ငံတွင် မကြာမီကာလအတွင်းကျင်းပမည့် ရွေးကောက်ပွဲများက ကျွန်ုပ်တို့ပြည်သူများအား ကြီးစွာသောအသိနှင့် ကြီးစွာသောသတိများကို ပေးအပ်လျက်ရှိသည်။ ကျွန်ုပ်တို့ပြည်သူများအားပေးအပ်နေသောအသိများကို ပထမဦးစွာဖော်ပြလိုသည်။ ရွေးကောက်ပွဲဆိုသည်မှာ နိုင်ငံ၏အာဏာပြည်သူ့ထံတွင်ရှိကြောင်းပြသည့်ပွဲ၊ ပြည်သူ့ဆန္ဒကိုဖြည့်ဆည်းဆောင်ရွက်ပေးသည့်ပွဲ၊ ပြည်သူ့ကိုယ်စားလှယ်ရာထူးနှင့်တာဝန်ပေးအပ်သည့်ပွဲ၊ နိုင်ငံနှင့်ပြည်သူတို့၏ဘဝကိုအပ်နှင်းသည့်ပွဲ၊ နိုင်ငံ၏အဓိကလိုအပ်ချက်ကိုဖြည့်ဆည်းပေးသည့်ပွဲ၊ နိုင်ငံ၏အဆင့်ကိုမြှင့်တင်ပေးသည့်ပွဲ၊ နိုင်ငံရေးအသိအမြင်အဆင့်ကိုဖော်ပြသည့်ပွဲ စသည့်အသိများကို ကျွန်ုပ်တို့အားပေးလျက်ရှိသည်။ ဒုတိယအနေဖြင့် ကျွန်ုပ်အားပေးအပ်သောသတိများကိုဖော်ပြလိုသည်။ ယင်းသတိများမှာ ကျွန်ုပ်တို့ပြည်သူများ ရွေးကောက်တင်မြှောက်လိုက်သောပုဂ္ဂိုလ်များသည် ပြည်သူ့ကိုယ်စားလှယ်ဟူသောရာထူး၊ နိုင်ငံကောင်းကျိုးဆောင်ရွက်ရန်ဟူသောတာဝန်တို့နှင့် အမှန်တကယ်ထိုက်တန်သောသူများဖြစ်ရမည်။ ကျွန်ုပ်တို့ရွေးကောက်တင်မြှောက်လိုက်သောပုဂ္ဂိုလ်များသည် နိုင်ငံနှင့်ပြည်သူများ၏ဘဝကိုကောင်းအောင် အမှန်တကယ်ဆောင်ရွက်ပေးမည့်သူများဖြစ်ရမည်။ ကျွန်ုပ်တို့ရွေးကောက်တင်မြှောက်လိုက်သောပုဂ္ဂိုလ်များသည် နိုင်ငံအတွက်လိုအပ်နေသော လူတော်လူကောင်းများဖြစ်နေရမည်။ ကျွန်ုပ်တို့ရွေးကောက်တင်မြှောက်လိုက်သောပုဂ္ဂိုလ်များသည် နိုင်ငံ၏အဆင့်ကိုအမှန်တကယ်မြှင့်တင်ပေးနိုင်မည့်သူများဖြစ်နေရမည်။ ကျွန်ုပ်တို့ပြည်သူများ၏နိုင်ငံရေးရင့်ကျက်မှုနှင့် နိုင်ငံရေးအသိအမြင်မြင့်မားမှုသည် နိုင်ငံနှင့်လူမျိုးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်နေသည် စသည့်သတိများဖြစ်ကြသည်။ ဤကဲ့သို့အဖိုးတန်လှသောအသိနှင့်သတိများကြောင့် ပြည်သူ့ကိုယ်စားလှယ်ကောင်းအဖြစ် ရွေးကောက်တင်မြှောက်ပေးရမည့်ပုဂ္ဂိုလ်နှင့်တင်မြှောက်မပေးရမည့်ပုဂ္ဂိုလ်ကို မှန်ကန်စွာပိုင်းခြားသိမြင်လာသည်။

**အဆင့်မြင့်နိုင်ငံသားများပီပီ**

နိဂုံးချုပ်အနေဖြင့်တင်ပြလိုသည်။ ရွေးကောက်ပွဲကပေးသောအသိနှင့်သတိများကို အမြဲနှလုံးသွင်းဆင်ခြင်ပြီး ကျွန်ုပ်တို့သည် အဆင့်မြင့်နိုင်ငံသားများပီပီ အမိနိုင်ငံ၏သမိုင်းအစဉ်လှပနေရန် ပြည်သူ့ကိုယ်စားလှယ်ကောင်းများကိုသာ ရွေးကောက်တင်မြှောက်ကြပါစို့၊ အမိနိုင်ငံတွင်ကောင်းသောတရားများ အစဉ်ရှင်သန်နေစေရန် ပြည်သူ့ကိုယ်စားလှယ်ကောင်းများကိုသာ ရွေးကောက်တင်မြှောက်ကြပါစို့၊ အမိနိုင်ငံ၏ကံကြမ္မာအစဉ်ကောင်းမွန်နေစေရန် ပြည်သူ့ကိုယ်စားလှယ်ကောင်းများကိုသာ ရွေးကောက်တင်မြှောက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## မဲပေးကြစို့

❖ မဲရုံမှာ စီတန်းလို့
လှမ်းကြစို့ အတူတူကွယ်
မဲပေးကြမယ်။
သွားကြစို့ကွယ်
မောင်မယ်တို့နောင်ရေး။
တွေးဆကာ ပါဝင်ဆင်နွှဲ
မဲပေးမယ်လေး။

❖ ကိုယ်စားလှယ် အများကြီးမို့
စည်းရုံးကာ သူတို့အနိုင်
မဲရုံမှာပြိုင်။
မှတ်ပုံတင်ကိုင်
ကိုယ်တိုင်မဲလာပေး။
နိုင်ငံတွက်သာ
ကိုယ်လည်းပါ မဲရုံစခန်းကို
မြန်းကြမယ်လေး။

❖ ပေးပါကွဲ့ ပေးပါ။
စဉ်းစားကာ ဉာဏ်ရည်သွေးလို့
ပေးလိုက်ကြပါ။
တိုင်းပြည့်အတွက်ပါ
တွေးဆကာ ပေးမယ်မှန်း။
ရွေးချယ်ကာ အတွေးမမှားနဲ့
ကိုယ်စားလှယ် ခလုတ်လေးနှိပ်
ပေးလိုက်ကြစမ်း။

❖ ဒီဇင်ဘာ နှစ်ဆယ့်ရှစ်
အုတ်မြစ်ချ အခြေခံ
ဖြစ်ရအမှန်။
ပေးမယ်ကွဲ့ အမှန်အကန်
နိုင်ငံရဲ့အင်အား။
တရားသဖြင့် အမှားမဝင်အောင်
မဲရုံတွင် မဲပေးစို့လား။ ။

ရဲမွန်ကျော်

# ဒီဇင်ဘာလူထုအားကစားလအထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

နောင်ချို ဒီဇင်ဘာ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် လေ့ကျင့်ရေးအားကစားရုံ၌ ဒီဇင်ဘာလူထုအားကစားလအထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲ (ဗိုလ်လုပွဲ)နှင့် ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာလ ၁၃ ရက် ညနေပိုင်းတွင်ကျင်းပသည်။

အဆိုပါပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အသင်း ၁၈ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ ဒီဇင်ဘာလူထုအားကစားလအထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲ(ဗိုလ်လုပွဲ) နှင့် ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ ပြိုင်ပွဲ၌ ပထမဆုရရှိသောလောပန်းအသင်းအား ငွေသားဆု၊ တံခွန်စိုက်ဆုဖလားနှင့် တစ်ဦးချင်းဆုတံဆိပ်အားလည်းကောင်း၊ ဒုတိယဆုရရှိသော ချစ်ပိုအသင်းနှင့် တတိယဆုရရှိသောသုံးဆယ်အသင်းအား ငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များအားလည်းကောင်း မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက အသီးသီးပေးအပ်ကြသည်။

ၚင်းနောက်ပွဲစဉ်တစ်လျှောက် ဒိုင်အဖြစ်ဆောင်ရွက်ပေးသောဦးဖိုးကျော်အား အားကစားနှင့်ကာယပညာဦးစီးဌာန နည်းပြနည်းစနစ်မှူး ဒေါ်အေးအေးခိုင်က ဆုငွေပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဆုရရှိသောအသင်းများက စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

**MWD Variety Channel**

၁၅-၁၂-၂၀၂၅(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၁၀:၂၀ | ကွယ်လွန်ထင်ရှားအနုပညာရှင်များ တေးသံရှင် လှမြင့်ဝင်း |
| ၂။ | ၁၁:၃၅ | သောတဆင်စရာ တေးမြန်မာ |
| ၃။ | ၁၆:၃၀ | စိတ်ဝင်စားဖွယ်ရာ တိရစ္ဆာန်ကမ္ဘာ |
| ၄။ | ၁၇:၅၀ | ပရိသတ်အတွက် ကဗျာလက်ဆောင် |

# (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် Play off Stage ပွဲစဉ်များ၌ မြန်မာအသင်းကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိ



ရန်ကုန်  ဒီဇင်ဘာ  ၁၄

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) တွင် ထည့်သွင်းကျင်းပသည့် Esports Mobile Legend Bang Bang (MLBB) ပြိုင်ပွဲ၏ Play off Stage ပွဲစဉ်များ၌ မြန်မာနိုင်ငံကိုယ်စားပြုကစားသမားများ ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ Esports Mobile Legend Bang Bang (MLBB) ပြိုင်ပွဲ၏ Play off Stage ပွဲစဉ်များကို ဒီဇင်ဘာလ ၁၅ ရက်နှင့် ၁၇ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ထို့ပြင် Esports Mobile Legend Bang Bang (MLBB) ပွဲစဉ်များကို ဒီဇင်ဘာလ ၁၃ ရက်က Group Stage ပွဲစဉ်များအဖြစ် ကျင်းပခဲ့ရာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာအသင်းကစားသမားများက အုပ်စု (က) ၏ ပထမဆုံးပွဲစဉ်တွင် ဗီယက်နမ်အသင်းကစားသမားများကို အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် မြန်မာအသင်းကစားသမားများသည် ဒုတိယပွဲစဉ်အဖြစ် တီမောအသင်း၊ ထိုင်းအသင်းတို့နှင့် ထပ်မံယှဉ်ပြိုင်ခဲ့ရာ နှစ်သင်းစလုံးကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး သုံးပွဲအတွက် စုစုပေါင်းရမှတ်ခြောက်မှတ်ရရှိကာ အုပ်စုပထမနေရာဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့ တိုက်ရိုက်တက်ရောက်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ထိုင်းဆီးဂိမ်း Esports Mobile Legend Bang Bang (MLBB) ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာအသင်း၌ အုပ်ချုပ်သူ၊ နည်းပြနှင့် ကစားသမား ၂၀ ဦးပါဝင်ပြီး ပြိုင်ပွဲတွင် Play off Stage ကစားနည်းသုံးမျိုး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **လူသစ်**

# မြန်မာကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်နေသည့် မွေအားကစားနည်းပွဲစဉ်များကို ဒီဇင်ဘာလ ၁၉ ရက်အထိ ယှဉ်ပြိုင်ကစားရမည်



ရန်ကုန်  ဒီဇင်ဘာ  ၁၄

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) ၌ မြန်မာနိုင်ငံကိုယ်စားပြု အမျိုးသား၊ အမျိုးသမီးကစားသမားများက မွေအားကစားနည်းပွဲစဉ်များကို ဒီဇင်ဘာလ ၁၉ ရက်အထိ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါထိုင်းဆီးဂိမ်း၌ မွေအားကစားနည်း၏ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဒီဇင်ဘာလ ၁၃ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ၅၄ ကီလိုတန်းတွင် မြန်မာကစားသမား စောခိုင်ရဲလင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ဗီယက်နမ်ကစားသမား လာရောက်ယှဉ်ပြိုင်ခြင်းမရှိသည့်အတွက် မြန်မာကစားသမား စောခိုင်ရဲလင်းက အနိုင်ရရှိခဲ့သည်။

ထို့ပြင် ဒီဇင်ဘာလ ၁၄ ရက်တွင် မွေအားကစားနည်း၌ မြန်မာအမျိုးသမီးမွေကစားသမားများဖြစ်သည့် ငြိမ်းချမ်းရေးဆုလာဘ်က ၅၁ ကီလိုတန်း ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အင်ဒိုနီးရှားကစားသမားနှင့်လည်းကောင်း၊ ဥမ္မာစိုးက ၅၇ ကီလိုတန်း ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဖိလစ်ပိုင်ကစားသမားနှင့်လည်းကောင်း၊ အမျိုးသားမွေကစားသမားရေချမ်းက ၆၃ ကီလိုတန်း ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် လာအိုကစားသမားနှင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။ **လူသစ်**

# ထိုင်းဆီးဂိမ်းတွင် မြန်မာနိုင်ငံက Squash အားကစားကို ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်နေ

ရန်ကုန်  ဒီဇင်ဘာ  ၁၄

ထိုင်းနိုင်ငံ၌ ကျင်းပနေသည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) တွင် မြန်မာနိုင်ငံအနေဖြင့် Squash အားကစားကို ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း မြန်မာနိုင်ငံ Squash အားကစားအဖွဲ့ချုပ်မှ သိရသည်။

အဆိုပါ Squash ပြိုင်ပွဲကို ဒီဇင်ဘာလ ၁၄ ရက်တွင် စတင်ယှဉ်ပြိုင်လျက်ရှိကာ တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲများတွင် ယှဉ်ပြိုင်လျက်ရှိပြီး Squash အားကစားသည် တင်းနစ်ကစားနည်းနှင့် ဆင်တူသဖြင့် ပြိုင်ပွဲအတွက် တင်းနစ်အားကစားသမားများကို ရွေးချယ်ထားကြောင်း သိရသည်။ ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ ဒေသခံနည်းပြများဖြင့် နှစ်လကျော်ကြာလေ့ကျင့်ထားသည့် မြန်မာအားကစားသမားလေးဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ဆီးဂိမ်း Squash ပြိုင်ပွဲတွင် အတွေ့အကြုံကောင်းများရှိနေသည့် စင်ကာပူအသင်းနှင့် မလေးရှားအသင်းများကို အဓိကထားယှဉ်ပြိုင်ရမည်ဖြစ်သည်။ ထို့ပြင် လာမည့်နှစ်တွင် တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပမည့် အိုလံပစ်အကြိုပြိုင်ပွဲတွင်လည်း မြန်မာနိုင်ငံကိုယ်စားပြု Squash အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် စီစဉ်ထားသည်။

အဆိုပါအားကစားနည်းသည် ဥရောပနှင့် အာရှနိုင်ငံများ၌ ကျင်းပနေသည့် ပြိုင်ပွဲများဖြစ်ပြီး လာမည့်နှစ်တွင်ကျင်းပမည့် အိုလံပစ်ကော်မတီ၏အားကစားနည်း ၁၄ မျိုးတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံအနေဖြင့် ဆီးဂိမ်းအမီ Squash အားကစားအဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ **လူသစ်**

# ထိုင်းဆီးဂိမ်းတွင် မြန်မာအလေးမကစားသမားများ ဆက်လက်ယှဉ်ပြိုင်လျက်ရှိ




ရန်ကုန်  ဒီဇင်ဘာ  ၁၄

ထိုင်းနိုင်ငံ၌ ကျင်းပနေသည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) တွင် မြန်မာနိုင်ငံအနေဖြင့် အလေးမအားကစားနည်းကို ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ လက်ရှိတွင် ကြေးတံဆိပ်ဆုတစ်ခုရရှိပြီး ဆက်လက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

ထိုသို့ယှဉ်ပြိုင်ရာတွင် ဒီဇင်ဘာလ ၁၃ ရက်က အမျိုးသမီး ၄၈ ကီလိုတန်း၌ ဇင်မေဦး၊ အမျိုးသမီး ၅၃ ကီလိုတန်း၌ နော်တပိုးရာ၊ ဒီဇင်ဘာလ ၁၄ ရက်တွင် အမျိုးသမီး ၅၈ ကီလိုတန်း၌ ထက်ထက်ထွေးတို့ ယှဉ်ပြိုင်ခဲ့ပြီး ဒီဇင်ဘာလ ၁၅ ရက်တွင် အမျိုးသမီး ၆၉ ကီလိုတန်း၌ သူဇာခင်၊ အမျိုးသား ၇၉ ကီလိုတန်း၌ သီဟအောင်၊ ဒီဇင်ဘာလ ၁၆ ရက်တွင် အမျိုးသား ၉၄ ကီလိုတန်း၌ ဝင်းနိုင်ထွန်း၊ ဒီဇင်ဘာလ ၁၇ ရက်တွင် အမျိုးသား ၉၄ ကီလိုတန်း၌ ရန်မျိုးကျော်တို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မြန်မာအလေးမအားကစားအဖွဲ့သည် ၂၀၂၅ ထိုင်းဆီးဂိမ်းကို ကစားသမားခုနစ်ဦးဖြင့် ကီလိုတန်း ခုနစ်တန်းတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **လူသစ်**

